# ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ( ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန )

## ဖျာပုံခရိုင်

## ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သာပေါင်းကျေးရွာအုပ်စု ၊ ကျောင်းချောင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာပေါင်းကျေးရွာအုပ်စု၊ကျောင်းချောင်းကျေးရွာ၊ ဘိုကလေးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (      ) ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | မှ - ထိ |
|---|---|---|
| ၁။ | စကားချီး | ၁-၂ |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၃ |
| ၃။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၄ |
| ၄။ | ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၄ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၄-၅ |
| | (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၅ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ | ၅-၆ |
| | (င) ပညာရေး | ၆ |
| | (စ) ကျန်းမာရေး | ၆-၇ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၇ |
| | (ဇ) ကျား၊မရေးရာ | ၇ |
| ၅။ | ကျေးရွာမှ အဆိုပြုတင်ပြထားသောဖွံ့ဖြိုးရေးလုပ်ငန်းများ | ၇-၈ |
| | နောက်ဆက်တွဲများ | |
| | နောက်ဆက်တွဲ(၁) - ကျောင်းချောင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာဇယား | ၈-၁၀ |
| | နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၁-၂၇ |

## ဘိုကလေးမြို့နယ်၊သာပေါင်းကျေးရွာအုပ်စု၊ကျောင်းချောင်းကျေးရွာ
## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမို ကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက် ၊ အကြောင်းအရာများ ဖြစ်ပြီး ၊ အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သာပေါင်းကျေးရွာအုပ်စု၊ကျောင်းချောင်းကျေးရွာ
ဘိုကလေးမြို့နယ်

ရက်စွဲ ၊ ၂၀၁၈ခုနှစ် ၊ အောက်တိုဘာလ ရက်

**၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား**

ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း(၃၀၀)စုနှင့်ကျား(၆၈၉)ဦး၊မ(၇၀၇)ဦးဖြင့်လူဦးရေစုစုပေါင်း (၁၃၉၆)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄.၆၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှင့်ကိုက်ညီပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများ အများဆုံး နေထိုင်ကြပြီး၊ ခရစ်ယာန်ဘာသာဝင် အနည်းငယ်ရှိပါသည်။အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၄၈၄) နှင့် မ(၅၀၂)ရှိပြီး ကျေးရွာလူဦးရေစုစုပေါင်း ၇၂%ရှိပါသည်။အလုပ်လုပ်နိုင်သည့် အရွယ်တွင် အမျိုးသမီးအရေအတွက်မှာ အမျိုးသား အရေအတွက်ထက် ပိုများနေသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေနိုင်ပါသည်။

ကျေးရွာသည် ဘိုကလေးမြို့နယ်၊ ဘိုကလေးမြစ်တစ်ဖက်ကမ်းတွင်တည်ရှိပါသည်။ အုပ်ချုပ်ရေး ရုံးစိုက်ရာ ဘိုကလေးမြို့နှင့် ရေလမ်း၊ကုန်းလမ်း၊ ဆက်သွယ်သွားလာရေး လွယ်ကူပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဘိုကလေးမြစ်နှင့် ဘိုကလေးမြို့၊ သဇင်ငူကျေးရွာ ၊ အနောက်ဘက်တွင် ဘိုကလေး၊ မော်ကျွန်းကားလမ်းနှင့် ထုံးဘူးကွဲကျေးရွာတို့ တည်ရှိပါသည်။ တောင်ဘက်တွင်သာပေါင်း ကျေးရွာနှင့် တစ်ဆက်တည်းတည်ရှိပါသည်။ ကျောင်းချောင်းကျေးရွာသည် တောင်၊မြောက်၊ရှည်လျားသည့် ရွာတန်း ရှည် ဖြစ်ပါသည်။

**ဘိုကလေးမြို့နယ်၊ ကျောင်းချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ**



**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် ဘိုကလေးမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသဖြင့် စိုက်ပျိုးမြေများအတွက် မြစ်ရေကိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြပြီး ၊ စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းပါသည်။ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးဧက(၂၅၀) ခန့်ရှိပြီး ၊ နွေစပါး၊မိုးစပါး၊အဓိက စိုက်ပျိုးသည်။ ဘိုကလေးမြစ်နှင့်ကျောင်းချောင်းချောင်းအတွင်း ရေချိုငါးဖမ်းလုပ်ငန်းအသင့်အတင့် လုပ်ကိုင်ကြသည်။ အခြားသဘာဝ တွင်းထွက်သယံဇာတများ မထွက်ရှိပါ။

ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ၄၅လက်မရှိပါသည်။အနိမ့်ဆုံးအပူချိန် 25Cအတွင်း တည်ရှိပါသည်။ကျေးရွာ၏မြေပြင်အနေအထားမှာမြေပြန့်ဖြစ်ပါသည်။ကျေးရွာ၏တစ်ဝက်ခန့်သည် လယ်မြေများ ဖြစ်ပြီး၊နွေစပါး၊မိုးစပါးစိုက်ပျိုးရေး အဓိက အားထားရာ ဖြစ်ပါသည်။

**၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဂေါပကအဖွဲ့(၁) ဖွဲ့၊ဖွံ့ဖြိုးရေးအဖွဲ့အစည်း(၃)ဖွဲ့တို့ရှိပါသည်။ ကျေးရွာမှ လူငယ်အမျိုးသားဦးဆောင်သော သာရေးနာရေး ကိစ္စများတွင် ဦးဆောင်ကူညီပေးသောအဖွဲ့ရှိသည်။ ကျေးရွာတွင် စီးပွားရေးအခြေခံ အသင်းအဖွဲ့များ ဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် ၊ ပုဂ္ဂလိကငွေချေးလုပ်ငန်း ရှိကြပြီး၊ကျေးရွာသားအများစုမှာကျေးရွာတွင်း အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သတ်၍ ယေဘူယျအား နည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးပါက အဖွဲ့အစည်းဆိုင်ရာစနစ် တိုးတက်ကောင်းမွန် လာပြီး ကျေးရွာဖွံ့ဖြိုးရေးကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။

**(ခ)စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

ကျေးရွာနေ ပြည်သူတို့၏ အဓိက စီးပွားရေး လုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်ပြီး ၊ တစ်ရွာ လုံး၏ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် အသင့်အတင့်သာဖြစ်ပါသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၂၁)စုရှိပြီး၊ အိမ်ထောင်စုအားလုံး၏ ၇% ၊ အလယ်အလတ်ရှိသော အိမ်ထောင်စုအားလုံး၏ ၆၃% ၊ အလွန်မပြေလည်သော အိမ်ထောင်စုမှာ(၃၉)စု ရှိပြီး၊အိမ်ထောင်စုအားလုံး၏ ၁၃% ရှိပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု ၊ လက်လှမ်းမှီ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု ၊ ရေသွင်းစိုက်ပျိုးနိုင်မှုနှင့် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်မှုတို့ ရှိသော်လည်း ကျေးရွာစီးပွားရေး အနေအထားမှာ ကောင်းမွန်သည် မဆိုနိုင်ပါ။ ကျေးရွာတွင် ဆန်စက် (၃)လုံးရှိပြီး ၊ ဆန်စက်(၁)လုံးသာလျှင် မိုးတွင်းတစ်ရာသီသာ လည်ပတ်ပြီး၊ ကျန်စက်(၂)လုံးမှာ လျှပ်စစ် မီးမရှိသောကြောင့် တစ်နှစ်ပတ်လုံး ၊ လုံးဝလည်ပတ်နိုင်ခြင်း မရှိသဖြင့် အဆင်မပြေသော အိမ်ထောင်စု များနှင့်အလွန်အဆင်မပြေသောအိမ်ထောင်စုများအိမ်ထောင်စုအားလုံး၏ (၇၆%)မှာအလုပ်အကိုင်အခွင့် အလမ်း နည်းပါးပြီး၊ဝင်ငွေရလုပ်ငန်း မရှိသဖြင့် စီးပွားရေးအခြေအနေ နိမ့်ကျသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် ဆင်းရဲသသည့်အဆင့် အများဆုံးဖြစ်ပြီး လက်သမား၊ပန်းရံ၊အရောင်းအဝယ်လုပ်ငန်းများ ဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်နေကြရပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ်မလုပ်ကိုင်နိုင်ကြသော အိမ်ထောင်စုများ အနေဖြင့်အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊လက်သမား၊ပန်းရံ၊ဈေးဆိုင်များ၊ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ပါသည်။ကျေးရွာတွင်မိုးစပါး၊နွေစပါးစိုက်ပျိုးသိမ်းဆည်းချိန်များတွင်ကျေးရွာအလုပ်သမားများအတွက်အလုပ်လုပ်ကိုင်နိုင်မှုအသင့်အတင့်ရရှိကြသည်။လုပ်အားခရရှိမှုမှာ ကျားနှင့်မရရှိမှု မတူညီနိုင်ဘဲ ကျားလုပ်အားခက အများအားဖြင့် ပိုနေတတ်သည်။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူ ဦးရေများပြားသောကြောင့် လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊အသက်မွေးဝမ်းကြောင်း ဆိုင်ရာအတတ်ပညာတက်မြောက်မှု အဆင့်နိမ့်ကျခြင်း၊အသက်မွေးဝမ်းကြောင်းဆိုင်ရာအတတ်ပညာသင်တန်းများ မရှိခြင်း၊ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျခြင်းတို့ကြောင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်း အလွန်နည်းပါးပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကုန်းလမ်းခရီးအနေဖြင့် မြေသားသဲခင်းလမ်း အကျယ်(၁၈)ပေးရှိပြီး၊ သာပေါင်း၊ ဂျက်ချောင်းကျေးရွာများကိုဖြတ်၍ဘိုကလေးမြစ်ကူးတံတားကြီးမှတစ်ဆင့်ဘိုကလေးမြို့သို့ သွားရောက်နိုင်သော်လည်း ရေးလမ်းမှသွားသည်ထက် အချိန်ပို၍ ကြာမြင့်ပါသည်။ ကျေးရွာသည် မြစ်ဘေးတွင် တည်ရှိသည့်အတွက် ဘိုကလေးမြစ်ကို ဖြတ်၍ (၁၀)မိနစ်ခန့်မျှ စက်လှေစီးရုံဖြင့် ဘိုကလေးမြို့သို့ တိုက်ရိုက်ရောက်ရှိနိုင်ပါသည်။သို့သော်လည်း ဆိပ်ခံတံတားမှာ ရွာအစွန်တွင် တစ်ခုတည်းသာရှိနေသဖြင့် ရေလမ်းခရီး သွားလာမှုကို အချိန်နှောင့်နှေးကြန့်ကြာမှု မရှိဘဲပိုမိုအဆင်ပြေလွယ်ကူနိုင်ပါသည်။ ကျေးရွာတွင်းလမ်းကိုလည်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါက ကုန်းလမ်းဆက်သွယ် ရေးလည်း ပိုမိုလွယ်ကူအဆင်ပြေ ချောမွေ့နိုင်ပါသည်။လျှပ်စစ် အသုံးပြုနေရသည့်အတွက် လူမှုစီးပွားရေး အရပ်ရပ်တွင် အဆင့်နိမ့်လျက်ရှိပါသည်။ တစ်ဆက်တည်းရှိ သာပေါင်းကျေးရွာတွင် လျှပ်စစ်မီး (မဟာဓါတ်အားလိုင်း) အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေပြီး၊ကျောင်းချောင်းကျေးရွာအတွက်လည်း ကျေးရွာသားများက ဓါတ်မီးတိုင်၊တန်းကြိုးများကို ကိုယ်ထူကိုယ်ထ စိုက်ထူဝယ်ယူမည်ဆိုပါက လျှပ်စစ်အားအသုံးပြုခွင့် ပေးမည်ဖြစ်ကြောင်း၊ဘိုကလေးမြို့ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာ ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။ ကျေးရွာပြင်ပရှိ အလှူရှင်များနှင့် ကျေးရွာသားတို့ပူးပေါင်း၍ လျှပ်စစ်မီး (မဟာဓါတ်အားလိုင်း)မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာသူ/သားအားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားပြီး လူမှုစီးပွားရေးဖတ်တွင် ပိုမိုကောင်းမွန်သောဘဝကို ရရှိပိုင်ဆိုင်နိုင်ပါသည်။မိုဘိုင်းဆက်သွယ်ရေးကို အိမ်တိုင်နီးပါးမျှ အသုံးပြုနိုင်မှုရှိပြီး သတင်းအချက်အလက်အတွက် ချတ်ဆက်အသုံးပြုနိုင်ပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ

ကျေးရွာမှ လယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လလျှင် အတိုးနှုန်းပြား(၇၀)နှင့် တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက အတွက်သာချေးယူနိုင်ကြသည်။ပုဂ္ဂလိကငွေချေးအဖွဲ့များနှင့်ဆက်သွယ်၍ဆောင်ရွက်သောကျေးရွာသား အနည်းငယ်မျှရှိပါသည်။ ကျေးရွာသူ/သား အများစုမှာ ချေးငွေကိုအဓိကအားဖြင့် စာနပ်ရိက္ခာ၊ ပညာရေး

ကျန်းမာရေး၊အခြားဝင်ငွေရ လုပ်ငန်းကိစ္စရပ်များအတွက် ချေးယူကြ၍ ကျေးရွာချေးငွေ လိုအပ်ချက်မှာ များပြားကြောင်း တွေ့ရှိရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ကျန်းမာရေး၊ပညာရေးနှင့် ဝင်ငွေရ လုပ်ငန်းကိစ္စရပ်များအတွက် ချေးယူကြပြီး၊ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

ငွေကြေးဝန်ဆောင်မှုများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် Pact Myanmar အဖွဲ့ အစည်းစသည်တို့မှ ချေးငွေများ ထုတ်ချေးရရှိထားမှု ရှိပါသည်။

**(င)ပညာရေး**

ကျောင်းချောင်းကျေးရွာတွင် အလယ်တန်းကျောင်းခွဲ (၁)ကျောင်းရှိပြီး၊ (၆၀"×၃၀") ဧရိယာရှိ (၁)ထပ်စာသင်ဆောင်(၂)ဆောင်၊(၉၀"×၃၀")ဧရိယာရှိ(၁)ထပ်စာသင်ဆောင်(၁)ဆောင်ရှိပြီး၊စာသင် ဆောင်အားလုံးသည်အုတ်နံရံကာအင်္ဂတေခင်း၊သွပ်မိုးဖြစ်ပြီး၊စာသင်ဆောင်(၂)ခုမှာယိုယွင်းပျက်စီးနေပါ သည်။ရွာသားအားလုံး၏ (၉၉%)မှာရေးတတ်၊ဖတ်တတ်ကြပါသည်။ကျောင်းတွင်ဆရာ၊ဆရာမအင်အား လုံလောက်မှုရှိပါသည်။ကျေးရွာတွင်ဘွဲ့ရပညာတတ် အရေအတွက်အတော်အသင့်များပါသည်။

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် လမ်းအခက်အခဲမှာအသင့်အတင့်ရှိသဖြင့် ရွာသူ/သား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်အချက်တို့ကို တက်မြောက်ကြပြီး၊ အထက်တန်းနှင့် ဘွဲ့ရ အရေအတွက်မှာအနည်းငယ်သာရှိပါသည်။ကျေးရွာတွင်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အထက် တန်းပညာရေးတို့အတွက် အနီးစပ်ဆုံး ဘိုကလေးမြို့သို့သွားရောက်သင်ကြားရပါသည်။သို့သော်အသက် မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်၍ လူငယ်၊လူရွယ် များအတွက် ကျွမ်းကျင်မှု အခြေခံသည် အလုပ် အကိုင်အခွင့်အလမ်းများသည်လည်း မရှိသလောက် နည်းပါးဆဲဖြစ်သည်။

**(စ)ကျန်းမာရေး**

ကျောင်းချောင်းကျေးရွာနှင့် တစ်ဆက်တည်းရှိသည့် သာပေါင်းကျေးရွာတွင် ကျေးလက်ဆေးပေး ခန်း အဆောက်အဦးသာရှိ၍ ဝန်ထမ်း၊ဆေးပစ္စည်းဘာမှ မရှိပါ။ကျန်းမားရေးဝန်ဆောင်မှုအတွက် ရေလမ်းဖြင့် မိုင်ဝက်ခန့်မျှသာ ဝေးသော ဘိုကလေးမြို့ပေါ်ရှိဆေးခန်းများသို့လည်းကောင်း ကုန်းလမ်း ဖြင့်(၄)မိုင်ခန့်မျှဝေးသည့် ဘိုကလေးမြို့ကုတင်(၁၀၀)ဆေးရုံကြီးသို့ လည်းကောင်း၊ အလွယ်တကူသွား ရောက်ကုသမှုခံယူရရှိနိုင်ပါသည်။သာပေါင်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ ဝန်ထမ်း၊ဆေးပစ္စည်း များ ခန့်အပ်ချထားပေးပါက ရွာသူ/ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို ပိုမိုအဆင်ပြေ လွယ်ကူစွာ ရရှိနိုင်ကြပါသည်။သောက်ရေအတွက်ရတနာပုံမြေသား မိုးရေလှောင်ကန်ကြီး(၁)ခုကိုသာ အဓိက အသုံးပြုနေကြပြီး နွေရာသီတွင် သောက်ရေလုံလောက်မှု နည်းပါးပါသည်။သောက်ရေကန်အား ခြံစည်းရိုးကာရံခြင်းရှိသော်လည်းPHအဆင့်သတ်မှတ်ခြင်းကဲ့သို့သော စနစ်တကျစစ်ဆေးအသုံးပြုမှုမျိုး မရှိပါ။နွေရာသီတွင် သောက်ရေမသန့်ရှင်းမှုကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါ ဖြစ်ပွားမှုများ အတော်အသင့် တွေ့ရှိရပါသည်။အိမ်ထောင်စုအားလုံး၏ (၃၅%)မှာ ကိုယ်ပိုင်အိမ်သာ မရှိ ကြသောကြောင့်ယင်းကြောင့်ဖြစ်ပွားတတ်သည့်ရောဂါများကျရောက်နိုင်မှုအခြေအနေမှာမြင့်မားပါသည်။ ယင်လုံအိမ်သာတည်ဆောက်ပေးခြင်း၊ယင်းကြောင့်ဖြစ်ပွားတတ်သောရောဂါများအကြောင်း၊ကျန်းမာရေး အသိပညာပေးဟောပြောပွဲများကျင်းပပြုလုပ်ပေးသင့်ပါသည်။စာသင်ကျောင်းတွင်လည်းကျောင်းအိမ်သာ များမှာသန့်ရှင်းမှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ရွာသူ/သား အများစုသည် သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရ ကြွယ်ဝမှု ရှိကြသည်။ ကလေးသူငယ် အများစုသည်လည်း ကျန်းမာရေးထိခိုက်မှု ကြီးကြီး မားမားမရှိဘဲ

ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသား/သူများကို အာဟာရ တိုက်ကျွေးမှု နည်းပါသည်။ ကျေးရွာတွင်ကျေးလက် ဆေးပေးခန်း မရှိပါ။ ကျန်းမာရေးလိုအပ်ချက်အရ သွားရမည်ဆိုပါက ဘိုကလေးမြစ်တစ်ဖက်ကမ်း ဘိုကလေးမြို့ပေါ်ရှိ ဆေးခန်းများသို့ စက်လှေ၊စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားရောက်ကုသနိုင်ပါသည်။ ဘိုကလေးမြို့ ကုတင်(၁၀၀)ဆေးရုံးမှာ ကျေးရွာမှ (၄)မိုင်ခန့်တွင် တည်ရှိသဖြင့် သွားရောက်ဆေးဝါးကုသမှု ခံယူရန် လက်လှမ်းမှီသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် သောက်သုံးရေကို ရေကန်များမှ ရရှိပြီး၊ ဝမ်းပျက်၊ ဝမ်းလျှော၊ တုတ်ကွေး စသော ရောဂါဖြစ်ပွားမှုများ အနည်းငယ် တွေ့ရှိရပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် မိုးစပါး၊နွေစပါးစိုက်ခင်းများ နှစ်ကာလရှည်ကြာစွာ စိုက်ပျိုးလာခြင်း၊အဖျက်ပိုးများကျရောက်တတ်ခြင်းတို့ကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာ အရည်အသွေးများ ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများလာခြင်း၊စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း စနစ်တကျ စွန့်ပစ်ကြခြင်းမဟုတ်သောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သင့်ပါသည်။ကျေးရွာမှာမြစ်ဘေးတွင်တည်ရှိနေသောကြောင့်မြစ်ရေးလျှံခြင်း ၊ ရေလွှမ်းခြင်းများ တစ်ခါတစ်ရံ ကြုံရတတ်ပြီး၊လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်း အန္တရာယ်ဝင်ရောက်မှုလည်း တစ်ခါတစ်ရံ ကြုံတွေ့ရတတ်ပါသည်။

**(ဇ)ကျား ၊ မ ရေးရာ**

ကျေးရွာတွင် ကျား၊မ ဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်တက်ကြွမှုရှိသည်။ ကျား၊မ ဆိုင်ရာ တာဝန်ယူမှု လုပ်ငန်းအသီးသီးမှာလည်း တန်းတူညီမျှ ပါဝင်ဆောင်ရွက်သည်။ ကျေးရွာတွင် ကျား၊မ အိမ်တွင်းမကြမ်းဖက်မှု ခွဲခြားဆက်ဆံမှု မရှိပါ။ပညာရေးဆိုင်ရာ ကိန်းဂဏန်းများအရ မူလတန်း **အလယ်တန်း၊အထက်တန်းများရှိ ကျား၊မ အရေအတွက် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးမှာ တန်းတူပင်ဖြစ်သည်။သို့သော် နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုရပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှု လုံးဝမရှိပါ။ အခြားလူမှုရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု လုံးဝမရှိပါ။ အခြားလူမှုရေးအဖွဲ့အစည်း များတွင် အသင့်အတင့်ရှိပါသည်။ ကျား၊မတန်းတူညီမျှမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်း၊မြှင့်တင်ပေးမှုတို့ကို ပိုမိုဆောင်ရွက်လာမှု တွေ့ရပါသည်။**

**၄။ကျေးရွာမှအဆိုပြုတင်ပြထားသောဖွံ့ဖြိုးရေးလုပ်ငန်းများ(ကျောင်းချောင်းကျေးရွာ၏ စီမံချက်တည့်ရန်)**

| စဉ် | ကဏ္ဍ | အဆိုပြုစီမံချက်များ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လျှပ်စစ် | လျှပ်စစ်မီးလင်းရေး | ၁ |
| ၂ | ကျန်းမာရေး | သောက်ရေကန်ခြံစည်းရိုးကာရံခြင်း | ၂ |
| ၃။ | ကျန်းမာရေး | အိမ်ထောင်စုတိုင်းယင်လုံအိမ်သာဆောက်လုပ် ပေးခြင်း | ၃ |

| စဉ် | ကဏ္ဍ | အဆိုပြုစီမံချက်များ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၄။ | အခြေခံအဆောက်အဦး | ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၄ |
| ၅။ | လူမှုစီးပွားဘဝဖွံ့ဖြိုးရေး | အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း | ၅ |
| ၆။ | အခြေခံအဆောက်အဦး | ကျေးရွာဆိပ်ခံတံတားတည်ဆောက်ခြင်း | ၆ |
| ၇။ | အသိပညာနှင့်ဗဟုသုတ | ကျေးရွာပိုင်စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၇ |
| ၈။ | ပညာရေး | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ၈ |
| ၉။ | စိုက်ပျိုးရေး | စိုက်ပျိုးရေးစက်ကိရိယာများခေတ်မှီစွာ အသုံးပြုနိုင်ရေး | ၉ |
| ၁၀။ | မွေးမြူရေး | မျိုးကောင်း၊မျိုးသန့်များရရှိရေး၊မွေးမြူရေး နည်းပညာသင်တန်း | ၁၀ |
| ၁၁။ | လူငယ် | ကျေးရွာတွင်အပန်းဖြေအားကစားကွင်း တည်ဆောက်ခြင်း | ၁၁ |

**နောက်ဆွဲတွဲ(၁)**

## ကျောင်းချောင်းကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း | အဆိုပြုစီချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|
| လျှပ်စစ်မီး မရှိခြင်း။ | ငွေကြေးမတတ်နိုင်ခြင်း။ | တစ်ဆက်တည်းတည်ရှိသည့်သာပေါင်းကျေးရွာတွင်မဟာဓါတ်အားလိုင်းရရှိနေပြီး၊ချိတ်ဆက်အသုံးပြုခွင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ ခွင့်ပြုပေးထားခြင်း။ | ဆင်းရဲသည့်အိမ်ထောင်စုများသော ကျေးရွာဖြစ်သဖြင့် ငွေကြေးမတတ်နိုင် ခြင်း။ | ကျေးရွာမှဖွံ့ဖြိုးရေးအဖွဲ့များဦးဆောင်၍သက်ဆိုင်ရာဌာနများသို့ချိတ်ဆက်တင်ပြတောင်းခံခြင်း။ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်း၍လျှပ်စစ်မီးရရှိရန်တင်ပြတောင်းဆိုခြင်း။ | ကျေးရွာမီးလင်းရေးမဟာဓါတ်အားလိုင်းမှမီးသွယ်တန်းအကောင်အထည်ဖော်ခြင်း။ |
| သောက်ရေကန် သန့်ရှင်းမှုအားနည်းခြင်း။ | သောက်ရေကန်ခြံစည်းရိုးမလုံခြုံခြင်း၊သောက်ရေကန်မှရေလာရောက်ခပ်ယူကြသူများပြားခြင်း | ရေကန်သန့်ရှင်းမှုအတွက်ဝိုင်းဝန်းထိန်းသိမ်းလိုစိတ်ရှိကြခြင်း၊<br>ခြံစည်းရိုးခတ်ပြီးသားရှိခြင်း။ | ကျန်းမာရေးအသိပညာအားနည်းကြခြင်း၊<br>ရေကန်ခြံစည်းရိုးမလုံခြုံ၍တိရိစ္ဆာန်များအလွယ်တကူဝင်ရောက်နိုင်ခြင်း။ | ဌာနဆိုင်ရာများအလှူရှင်များနှင့်ချတ်ဆက်ဆောင်ရွက်ခြင်း၊<br>ရေကော်မတီများဖွဲ့စည်း၍ရေကန်အားစောက်ရှောက်ပေးခြင်း။ | သန့်ရှင်းသောသောက်သုံးရေရရှိရန်သောက်ရေကန်ခြံစည်းရိုးများပြုပြင်ခြင်း၊သောက်သုံးရေကန်ဘောင်ပြုပြင်ခြင်း၊ ကန်သန့်ရှင်းရေးပြုလုပ်ခြင်း။ |
| အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာသုံးစွဲနိုင်မှု မရှိခြင်း၊ | အလေ့အထမရှိခြင်း၊<br>ကျန်းမာရေး အသိအားနည်းခြင်း၊ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ တက်ရောက်လိုသူများရှိခြင်း။ | ကိုယ်ပိုင်မြေနေရာမရှိခြင်း၊<br>ငွေကြေးမတတ်နိုင်ခြင်း။ | ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊<br>ယင်လုံအိမ်သာနှင့်ဆိုင်သောပစ္စည်းကိရိယာပြည့်စုံစွာဖြည့်ဆည်းပေးခြင်း။ | မြို့နယ်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍အိမ်ထောင်စုဝင်အားလုံးယင်လုံအိမ်သာသုံးစွဲနိုင်ရေးအတွက် ကျေးလက်ကော်မတီနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ရေ၊အိမ်သာပံ့ပိုးရေးအတွက်ကျေးရွာကော်မတီနှင့်ကျေးလက်ဦးစီးလက်တွဲဆောင်ရွက်ခြင်း။ |

| ပြဿနာ | အကြောင်း အရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း | အဆိုပြုစီချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|
| ကျေးရွာတွင်း လမ်းမကောင်း ခြင်း | မြေသားလမ်း ဖြစ်နေခြင်းကိုယ်ထူ ကိုယ်ထကွန်ကရစ် လမ်းခင်းရန်ကုန် ကျစရိတ်မတတ်နိုင်ခြင်း | လမ်းအားအဆင့်မြှင့်ရန် အတွက်ကျေးရွာလူထုမှ ပူးပေါင်းပါဝင်မှုအားကောင်း ခြင်း၊အဆင့်မြှင့်ရန်အတွက် လမ်းဟောင်းအသင့် ရှိခြင်း။ | ကုန်ကျစရိတ်မတတ် နိုင်ခြင်း၊ကျေးရွာကော်မ တီအဖွဲ့အစည်းများမရှိ ခြင်း၊ရွာ၌ဆင်းရဲသော အိမ်ထောင်စုများခြင်း။ | ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ကျေးရွာတွင်းလမ်း အားတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ |
| ကျေးရွာတွင်း လမ်းမကောင်း ခြင်း | မြေသားလမ်း ဖြစ်နေခြင်းကိုယ်ထူ ကိုယ်ထကွန်ကရစ် လမ်းခင်းရန်ကုန် ကျစရိတ်မတတ်နိုင်ခြင်း | လမ်းအားအဆင့်မြှင့်ရန် အတွက်ကျေးရွာလူထုမှ ပူးပေါင်းပါဝင်မှုအားကောင်း ခြင်း၊အဆင့်မြှင့်ရန်အတွက် လမ်းဟောင်းအသင့် ရှိခြင်း။ | ကုန်ကျစရိတ်မတတ် နိုင်ခြင်း၊ကျေးရွာကော်မ တီအဖွဲ့အစည်းများမရှိ ခြင်း၊ရွာ၌ဆင်းရဲသော အိမ်ထောင်စုများခြင်း။ | ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ကျေးရွာတွင်းလမ်း အားတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ |
| အလုပ်အကိုင် အခွင့်အလမ်း များရှားပါးခြင်း | ဒေသတွင်း စက်ရုံ၊အလုပ်ရုံ များမရှိခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အားနည်းခြင်း။ | မြို့ပြနှင့်ကုန်းလမ်းရေလမ်း အလွယ်တကူဆက်သွယ် နိုင်ခြင်း၊ကျေးရွာတွင် အခြေခံပညာပြီးမြောက် အောင်မြင်သူများရှိခြင်း။ | ဒေသတွင်းစက်ရုံအလုပ် ရုံများတည်ထောင်ရန် လျှပ်စစ်မီး (မဟာဓါတ် အားလိုင်း)မရှိခြင်း၊ ကုန်ထုတ်လုပ်မှုများ နည်းပညာဆိုင်ရာ လက်လှမ်းမှီမှု မရှိခြင်း။ | ဒေသအတွင်းအသက် မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ် နိုင်ရန်တင်ပြတောင်း ဆိုခြင်း၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာစီမံကိန်းများရရှိ အောင်တင်ပြတောင်း ဆိုခြင်း။ | ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စက်ရုံ၊အလုပ်ရုံနှင့် စက်မှုလက်မှုလုပ်ငန်း များပေါ်ပေါက်လာ စေရေးအကောင် အထည်ဖော်ဆောင် ရွက်ခြင်း။ |
| ကျေးရွာဆိပ်ခံ တံတားမရှိခြင်း | ကျေးရွာပြည်သူ များမှတံတား တည်ဆောက်ရန် အတွက်ကုန်ကျ စရိတ်မတတ်နိုင် ခြင်း၊ကျေးရွာဖွံ့ ဖြိုးရေးအစုအဖွဲ့ များစွမ်းဆောင် ရည်နည်းပါးခြင်း | ဆိပ်ခံတံတားတည်ဆောက် ရန်အတွက်ဆိပ်ကမ်း ကောင်းများရှိခြင်း၊ တံတားတည်ဆောက်မည် ဆိုပါကရေလမ်းခရီး အတက်အဆင်းတွင် များစွာအထောက်အကူ ဖြစ်ခြင်း။ | ကျေးလက်နှင့်မြို့ပြ ရေလမ်းဝေးခရီးသွား လာရာတွင်ရေယာဉ်များ ဆိုက်ကပ်ရန်ခက်ခဲခြင်း၊ အခြေခံအဆောက်အဦး များအတွက်နည်းပညာ အားနည်းခြင်း။ | ကျေးရွာဆပ်ကော်မတီ ဖွဲ့စည်း၍ဌာနဆိုင်ရာ များသို့တံတားတည် ဆောက်ရန်အစီရင်ခံ တင်ပြတောင်းဆိုခြင်း၊ ပြင်ပအဖွဲ့အစည်းများထံ ဆက်သွယ်တင်ပြခြင်း။ | ကျေးရွာဆိပ်ခံတံတား တည်ဆောက်နိုင်ရေး စည်းလုံးညီညာစွာဖြင့် ဝိုင်းဝန်းအကောင် အထည်ဖော်ဆောင် ရွက်ရန်။ |
| စာဖတ်သည့် အလေ့အထ နည်းပါးခြင်း | ကျေးရွာတွင် စာကြည့်တိုက် မရှိခြင်း။ | စာကြည့်တိုက်ဆောက်လုပ် ရန်အတွက်မြေအလှူရှင် များရှိခြင်း၊ နေရာကောင်းများရှိခြင်း။ | စာဖတ်ရန်အတွက်သီး သန့် အချိန်မပေးနိုင် ကြခြင်း၊နေ့စဉ်ဝမ်းစာ ရေး အတွက်ရုန်းကန်နေ ကြရခြင်း။ | စာဖတ်ချင်စိတ်ရှိလာ အောင်ဖန်တီးပေးခြင်း ထူးချွန်လူငယ်များအား အသိအမှတ်ပြုချီးမြှင့် ပေးခြင်း၊စာပေးဟော ပြောပွဲများကျင်းပပေးခြင်း | စာဖတ်သူအစုအဖွဲ့ များဖွဲ့စည်းပေးခြင်း ကျေးရွာပိုင်စာကြည့် တိုက်ဆောက်လုပ် ထူထောင်ပေးခြင်း။ |
| အလုပ်အကိုင် အခွင့်အလမ်း များရှားပါးခြင်း | ဒေသတွင်း စက်ရုံ၊အလုပ်ရုံ များမရှိခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အားနည်းခြင်း။ | မြို့ပြနှင့်ကုန်းလမ်းရေလမ်း အလွယ်တကူဆက်သွယ် နိုင်ခြင်း၊ကျေးရွာတွင် အခြေခံပညာပြီးမြောက် အောင်မြင်သူများရှိခြင်း။ | ဒေသတွင်းစက်ရုံအလုပ် ရုံများတည်ထောင်ရန် လျှပ်စစ်မီး (မဟာဓါတ် အားလိုင်း)မရှိခြင်း၊ ကုန်ထုတ်လုပ်မှုများ နည်းပညာဆိုင်ရာ လက်လှမ်းမှီမှု မရှိခြင်း။ | ဒေသအတွင်းအသက် မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ် နိုင်ရန်တင်ပြတောင်း ဆိုခြင်း၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာစီမံကိန်းများရရှိ အောင်တင်ပြတောင်း ဆိုခြင်း။ | ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စက်ရုံ၊အလုပ်ရုံနှင့် စက်မှုလက်မှုလုပ်ငန်း များပေါ်ပေါက်လာ စေရေးအကောင် အထည်ဖော်ဆောင် ရွက်ခြင်း။ |

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း | အဆိုပြုစီချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|
| စာသင်ကျောင်း ခြံစည်းရိုးမရှိခြင်း၊ အထက်တန်းကျောင်းမရှိခြင်း | ရန်ပုံငွေမလုံလောက်ခြင်း၊ | ကျောင်းကော်မတီလက်ဝယ်တွင်အသင်းစုဆောင်းပြီး၊ရန်ပုံငွေရှိခြင်း၊ ပံ့ပိုးကူညီသူများနှင့်တက်ကြွစွာပူးပေါင်းပါဝင်လိုစိတ်ရှိခြင်း။ | ကျောင်းမြေဇရိယာကျယ်ဝန်းခြင်း။ | မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြို့နယ်ပညာရေးဌာနသို့တင်ပြအကူအညီတောင်းခံခြင်း၊ ကျောင်းအကျိုးတော်ဆောင်မှမြို့နယ်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍နည်းပညာနှင့်ပံ့ပိုးပစ္စည်းများအကူအညီတောင်းခံခြင်း။ | ကျောင်းအကျိုးတော်ဆောင်မြို့နယ်ပညာရေးဌာန၊ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်အကူအညီတောင်းခံခြင်း။ |
| နည်းပညာအသုံးပြုမှုအားနည်းခြင်း၊ ပိုးနှင့်ရောဂါကျခြင်း၊ မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း။ | နည်းပညာဝန်ဆောင်မှုအားနည်းခြင်း၊သဘာဝအရရောဂါပိုးမွာ း ကျနိုင်သည့်အခြေအနေများပေါင်းဆုံဖြစ်ပေါ်ခြင်း၊မျိုးထိမ်း၊ မျိုးချရန်အသိမရှိခြင်း၊ဆင်းရဲမဝယ်နိုင်မဝယ်လို မျိုးသန့်ပွားနည်းပညာမသိရှိခြင်း | စိုက်ပျိုးရေးဌာနရှိခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများရှိခြင်း။ | ကွင်းဆင်းဝန်ထမ်းနည်းခြင်း၊ကုမ္ပဏီများမိမိဆေးရောင်းရရေးသာအလေးထားခြင်း။ | ဝန်ဆောင်မှုပြည့်ဝစွာရရှိရန်စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်။ မြို့နယ်အဖွဲ့အစည်းများ၏အကူအညီဖြင့်အရေးကြီးသွင်းအားစုများလက်လှမ်းမှီအောင်ချိတ်ဆက်ခြင်း၊ မြို့နယ်အဖွဲ့အစည်းများ၏အကူအညီဖြင့်ရေရရှိရေးအစီအစဉ်များဆောင်ရွက်ခြင်း။ | စိုက်ပျိုးရေးနည်းပညာရရှိအသုံးပြုမှုတိုးတက်အောင်ဆောင်ရွက်ခြင်း အရေးကြီးသွင်းအားစုများရရှိမှုတိုးတက်စေခြင်း၊ မျိုးကောင်းမျိုးသန့်စုပေါင်းဝယ်ယူရန်စီစဉ်ဆောင်ရွက်ခြင်း။ |
| မွေးမြူရေးအားနည်းခြင်း | အရင်းအနှီးမတတ်နိုင်ခြင်း နည်းပညာဝန်ဆောင်မှုများအားနည်းခြင်း။ | ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မွေးမြူရေးလုပ်ကိုင်လိုသူများရှိခြင်း။ | မျိုးကောင်းမျိုးသန့်မျိုးစိတ်များဝယ်ယူရာတွင် ဈေးနှုန်းမြင့်မားခြင်း၊ရာသီအလိုက်ရောဂါများကျရောက်ခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေးအတွက် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိစေရန်လုပ်ငန်းရှင်များနှင့်ချိတ်ဆတ်ဆောင်ရွက်ခြင်း။ | မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိစေရန်ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်မီမွေးမြူရေးစနစ်များအားလက်တွေ့အသုံးချအကောင်အထည်ဖော်ခြင်း။ |
| ကစားကွင်းမရှိခြင်း (အပန်းဖြေနေရာမရှိခြင်း ) | ဆင်းရဲသောအိမ်ထောင်စုများခြင်း၊ အားကစားလှုပ်ရှားမှုများပြုလုပ်ရန်အတွက်အချိန်မပေးနိုင်ကြခြင်း။ | အားကစားစိတ်ဓါတ်တက်ကြွသောလူငယ်များရှိခြင်း၊ လူငယ်ဖွံ့ဖြိုးရေးကဏ္ဍများကို စိတ်ဝင်စားကြသောထူးချွန်လူငယ်များရှိခြင်း။ | ကျေးရွာပိုင်မြေနေရာလွတ်မရှိခြင်း၊ မြေနေရာဝယ်ယူရန်ငွေကြေးအခက်အခဲရှိခြင်း။ | တန်ဖိုးကြီးပစ္စည်းများမလိုသည့်အားကစားနည်းများမှစတင်၍လူငယ်များအားကစားမှန်မှန်လုပ်လာအောင်စီစဉ်ပေးခြင်း၊ နွေရာသီအားကစားရက်တိုသင်တန်းများဖွင့်လှစ်ပေးခြင်း။ | ကိုယ်စိတ်ကျန်းမာ၍ဗဟုသုတဖြစ်စေသောကိုယ်လက်ကြံ့ခိုင်မှုဖြစ်စေသောအပန်းဖြေမှုများဖန်တီးပေးခြင်း ကျေးရွာပိုင်အားကစားကွင်း(သို့)အပန်းဖြေနေရာတည်ဆောက်ပေးခြင်း၊ (ဘောလုံးကွင်း၊ဘောလီဘောကွင်း) |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၀ | ၂၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၂ | ၄၃ | ၈၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၄ | ၄၅ | ၁၀၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၇ | ၇၀ | ၁၃၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၈၄ | ၅၀၂ | ၉၈၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၃၇ | ၅၉ |
| **စုစုပေါင်း** | | **၆၈၉** | **၇၀၇** | **၁၃၉၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၀၀** | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်** ။ ။ အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှ အသက်(၁)နှစ်မပြည့်မီ အရွယ် ၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့် အရွယ်မှ (၅)နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅) နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**။ ။ကျေးရွာတွင်တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေမှာ(၄.၆၅)ဦးရှိပါသည်။အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦး:ရေ အားလုံး၏ (၇၀.၆၃%)ရှိသောကြောင့်ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းခွင်များခေါ်ဆောင်ပေးမည်ဆိုပါကလူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပါမည်။ အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများကို ထည့်သွင်း စဉ်းစားပေးရန် လိုအပ်ပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့** | **ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)** | **ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ ချောင်းမြစ်စသည်)** |
|---|---|---|---|---|
| လယ်မြေ | **၂၃၁** | **သင့်** | **အနည်းအကျဉ်း** | ချောင်း |
| ယာမြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ ချောင်းမြစ်စသည်) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၂၇ | | | |
| အိမ်ခြံဝန်းစိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | ၂ | ညံ့ | ၇ | မြစ် |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၂၆၀ | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နွေစပါး၊မိုးစပါးနှစ်မျိုးစလုံးကို စိုက်ပျိုးနိုင်ပြီး၊စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်ကိုလည်း လုံလောက်စွာရရှိပါသည်။နည်းပညာနှင့်စီးပွားဖြစ် စိုက်ပျိုးနိုင်သော သီးနှံ နှင့် ပျိုးပင်များအတွက် မျိုးကောင်း၊မျိုးသန့်များ ရရှိပါကဝင်ငွေတိုးနိုင်ပါသည်။ခေတ်မီသောစက်မှုလက်ယာ စနစ်ဖော်ထုတ်နိုင်ပါက ပိုကောင်းပါမည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု များ/သင့်/နည်း/မရှိ | အသုံးပြုနိုင်မှု လွယ်/ခက်/အသုံးမပြုနိုင်ပါ |
|---|---|---|
| **ကာဗွန်**(ဓါတ်ငွေ့/ရေနံ) | | |
| **ဓါတ်**သတ္တုနှင့်အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | လက်လှမ်းမမှီ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | | |
| သဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော) | နည်း | |
| ပျမ်းမျှအပူချိန် | 26 C | ပျမ်းမျှမိုးရေချိန် - 28 C |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်းရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတ မထွက်ရှိပါ။ သဘာဝမျိုးစိတ်တိရစ္ဆာန်များ လည်းနည်းပါးသွားပါသည်။ နွားစာအတွက်မြက်များကို လယ်ကွက်တွင်အလွယ်တကူရရှိနိုင်ပါသည်။ သဲနှင့် ကျောက်စရစ်တို့ကို မြို့ပေါ်ရှိ ပွဲရုံများတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) (၁/၂/၃) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) (ကောင်း/သင့်/ညံ့) |
|---|---|---|---|---|
| ၁ | မြစိမ်းရောင် ကော်မတီအဖွဲ့ | ၁√☐ ၂☐ ၃☐ | ပညာရေး ☐ငွေကြေး√ ☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး √ ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ ☐ | ကောင်း |
| ၂ | **မြဟုမ္မာစိုရ်** | ၁☐ ၂☐ ၃√☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး√☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး | **ကောင်း** |
| ၃ | Pat Myanmar | ၁√☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး √☐<br>ကျန်းမာရေး☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး | **သင့်** |
